အထွေထွေအရပ်ရပ်-၁၆

(ရုံးတွင်း စာအကျဉ်းချုပ် သို့တည်း မဟုတ် စာကြမ်း ရေးရန်အတွက်)

အကြောင်းအရာ။ ။ <u>ရွှေခြံသော့အင်တာနေရှယ်နယ်ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်အား ပရိဘောဂများထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း။</u>

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ရွှေခြံသော့အင်တာနေရှင်နယ်ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်မှ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မြေကွက်အမှတ် ၂၄၀မှ ၂၅၅အထိ မြေတိုင်း ရပ်ကွက်အမှတ် ၅၃၂(ဘီ) ရှိ မြေ(၁.၂၀) ဧကကိုနှစ်(၂၀) ငှားရမ်း၍ စက်ရုံတည်ဆောက်ပြီး ပရိဘောဂများ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြချက်အား - (၂၉-၁၁-၉၆) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၉၆) ကြိမ်မြောက် အစည်းအဝေးသို့တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့်သဘောတူညီပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန်ဆုံးဖြတ်ခဲ့ပါသည်။

၂။ ကော်မရှင်၏ဆုံးဖြတ်ချက်နှင့်အညီ ယင်းအဆိုပြုလုပ်ငန်းအား (၄-၁၂-၉၆) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၄၀/၉၆) ကြိမ်မြောက်အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်ရုံး မှတင်ပြခဲ့ရာယင်း အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၂/-

(ရုံးတွင်း စာအကျဉ်းချုပ် သို့တည်းမဟုတ် စာကြမ်း ရေးရန်အတွက်)

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း (၅)၊ ပုဒ်မ ၁၀ နှင့်ယင်း ဥပဒေဆိုင်ရာလုပ်ထုံး လုပ်နည်းများ အခန်း (၄)၊ အပိုဒ် ၁၂ တို့နှင့်အညီ ရွှေခြဿ အင်တာနေရှင်နယ်ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်သို့ထုတ်ပေးမည့် - ခွင့်ပြုမိန့်တွင်လက်မှတ်ရေးထိုးပေးနိုင်ပါရန်နှင့်ယင်း ခွင့်ပြုမိန့် ထုတ်ပေးမည့်အမှာစာ(မူကြမ်း)ကိုသဘောတူအတည်ပြုပေးနိုင်ပါ ရန်ပြုစုတင်ပြလျှက်အမိန့်နာခံအပ်ပါသည်။

[signature]

၁၇-၁၂-၉၆။

အတွင်းရေးမှူး (ဝန်ကြီး) [signature] ၁၇/၁၂

Permit တွင်လက်မှတ်ရေးထိုးပေးနိုင်ပါရန် [illegible]

[signature] ၁၇/၁၂

ဥက္ကဋ္ဌ (ဒုတိယဝန်ကြီးချုပ်)

[signature] ၁၈/၁၂

*၅၁၀/၁၂/၉၆။

ပုံစံ (မြန်မာ - ၂)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ★ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
စာအမှတ် ၁၃၉၈
နေ့စွဲ ၁၈-၁၂-၉၆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် နသ – ၀၅၂/ ၉၆ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦး သန့်ဇင်ထွန်း

(ခ) အဘအမည် ဦး သိန်း ထွန်း

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ကအဓ ဝိုင်တီ – ၀၀၂၃၀၀

(ဃ) နေရပ်လိပ်စာ အမှတ် (၅) မေခလမ်း ၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း ရွှေခြင်္သေ့အင်တာနေရှင်နယ် ဟိုး လ်ဒင်းကုမ္ပဏီလီမိတက် (Shwe Chinthe International Holding Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ပရိဘောဂထုတ်လုပ် ရောင်း ချမှုလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မြေကွက်အမှတ် ၂၄ဂ မှ ၂၅၅ အထိ၊ ပုလဲမြို့သစ်၊ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်။

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၁၂.၂၅ သန်း
(ကျပ်တစ်ဆယ့်နှစ်သန်း နှင့်နှစ်သိန်း ငါး သောင်း တိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၉၆

ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်။

(၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

၁။ မြန်မာ့ကုမ္ပဏီဖြစ်သည့် ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက် (Shwe Chinthe International Holding Co., Ltd.) မှ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မြေကွက်အမှတ် ၂၄၀ မှ ၂၅၅ အထိ မြေတိုင်းရပ်ကွက်အမှတ်၊ ၅၃၂ (ဘီ) ရှိ မြေ (၁.၂၀) ဧကကို နှစ် (၂၀) ငှားရမ်း၍ စက်ရုံတည်ဆောက်ပြီး ပရိဘောဂများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကိုမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြချက်အား (၂၉-၁၁-၉၆) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၉၆) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့်သဘောတူညီခဲ့ပြီးအစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်နှင့်အညီ (၄-၁၂-၉၆) နေ့တွင်ကျင်းပပြုလုပ်သည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၄၀/၉၆) ကြိမ်မြောက်အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်ရုံးမှတင်ပြခဲ့ရာ အစည်းအဝေးမှသဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း (၅)၊ ပုဒ်မ ၁၀ အရအာဏာနှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက် (Shwe Chinthe International Holding Co.,Ltd.) အား ပရိဘောဂများထုတ်လုပ်ရောင်းချမှုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက်ခွင့်ပြုမိန့်အမှတ်၊ မနသ-၀၅၂/၉၆ ကိုထုတ်ပေးလိုက်သည်။

၂။ ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက် (Shwe Chinthe International Holding Co.,Ltd) အနေဖြင့် ခွင့်ပြုမိန့်အရ ပရိဘောဂများ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ရာတွင်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း (၇)၊ ပုဒ်မ ၁၂ အရကုန်ထုတ်လုပ်မှုလုပ်ငန်းစတင်သောနှစ်အပါအဝင်တစ်ဆက်တည်း (၃) နှစ်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်ဥပဒေ

ပုဒ်မ - ၁၃ ပါပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါအခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုခံစားခွင့်ပြုရန်ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃ (က) အရလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သောနိုင်ငံခြားငွေပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်သက်သာခွင့်ခံစားနိုင်ရန်အတွက်ကနဦး ရင်းနှီးမြှုပ်နှံမှုကာလအတွင်း နိုင်ငံခြားငွေဖြင့်ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက်လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေအပေါ် မူတည်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃ (ခ) အရလုပ်ငန်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့်အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန်သက်သာခွင့်ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက်လုပ်ငန်း၏အမှန်တကယ်အကောင်အထည်ဖော်နိုင်မှုအခြေအနေကိုဖော်ပြလျက်၍ ကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃ (ဂ) အရထုတ်လုပ်မှုလုပ်ငန်းကြောင့်သတ်မှတ်သည့်နှုန်းအထိပြည်တွင်း၊ ပြည်ပဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီဝင်ငွေခွန်သက်သာခွင့်ခံစားနိုင်ရန်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီးသည့်အခါလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကို ဖော်ပြလျက်၍ ကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃ (ဃ) အရလုပ်ငန်းမှရရှိသည့်အမြတ်ငွေကို သီးသန့်ရန်ပုံငွေထား၍တစ်နှစ်အတွင်း လုပ်ငန်း၌ပြန်လည် ရင်းနှီးမြှုပ်နှံလျှင်ထိုအမြတ်ငွေအပေါ်တွင်ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်ခံစားနိုင်ရန်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီး၍အမှန်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါလုပ်ငန်းအမှန်တကယ်အကောင်အထည်ဖော်နိုင်မှုအခြေအနေကိုဖော်ပြလျက် ကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဆ)အရလုပ်ငန်းသုံးမတည်ပစ္စည်းများ အပေါ်တန်ဖိုးလျော့ငွေကိုသတ်မှတ်သည့်နှုန်း အတိုင်းနှစ်တိုတို နှင့်မူလတန်ဖိုး ပြည့်မီသည်အထိအမြတ်ငွေမှ နုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ယင်း တန်ဖိုးလျော့နှုန်းထားများ ကို ကော်မရှင် သို့တင်ပြ လျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃(ဇ)အရကနဦး ရင်းနှီး မြှုပ်နှံမှုကာလ အတွင်း ပြည်တွင်း၌မရရှိနိုင်သည့်အမှန်တကယ်လိုအပ်၍ပြည်ပ မှတင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင်အကောက် ခွန်နှင့်အခြား ပြည်တွင်း အခွန်အကောက်များ နှစ်မျိုးလုံးကို ကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃(ချ)အရကနဦးရင်းနှီး မြှုပ်နှံမှုကာလ ကုန်ဆုံး၍ပထမ(၃)နှစ်အတွက်ကုန်ထုတ်လုပ်ရန်တင်သွင်းသည့် ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင်အကောက် ခွန်နှင့်အခြား ပြည်တွင်းအခွန်အကောက်များကိုကင်းလွတ်ခွင့် ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှုဥပဒေပုဒ်မ ၁၃(ဇ) အရပြည်ပမှတင်သွင်းသည့်စက်ပစ္စည်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်းလိုက်နာဆောင် ရွက်ရမည်။

(က) နိုင်ငံခြားငွေရရှိပုံနည်းလမ်း(Source of Payments for Import)ဥပမာ-ပြည်ပတင်ပို့မှုမှဝင်ငွေ၊ ပြည်ပချေးငွေ(Loan and Credits)ကုန်ပစ္စည်းပြန် လည်ဝယ်ယူသည့်စနစ်(Buy-back System)စသည်တို့ ကိုဖော်ပြရန်၊

(ခ) တင်သွင်း မည့်ပစ္စည်း အမျိုးအစား၊ အရည်အသွေးစံချိန်စံညွှန်း များ၊ ဈေးနှုန်းများသင့်မြတ်မှုစသည်တို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့်စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency)၏စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေးကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်းအထောက်အထား (Inspection Certificate)ဖြင့်တင်သွင်းမည့်ပစ္စည်းအမျိုးအစားစာရင်း (Invoice and Packing List -)များကို နိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ထံသို့တင်ပြ၍ ထောက်ခံချက်ရယူရန်။

၄။ အဆိုပြုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ပုလဲမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂)ဘီ၊ မြေကွက်အမှတ် ၂၄၀ မှ ၂၅၅ အထိ မြေဧရိယာ ၁.၂၀ ဧကကိုပိုင်ဆိုင်သူ ဒေါ်ခင်ရီ၊ ဗိုလ်ကြီးတိုးသက်၊ ဗိုလ်ကြီးမိုးသက်၊ ဦးဖြိုးသက်တို့နှင့်အငှားချထားခြင်းခံရသူ ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက် (Shwe Chinthe International Holding Co., Ltd.)တို့ချုပ်ဆိုသည့် မြေငှားရမ်းခြင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးသည့်အခါယင်းသဘောတူစာချုပ်မိတ္တူ(၅)စောင်စီကို ကော်မရှင်သို့ တင်ပြရမည်။

၅။ ထိုသို့ မြေငှားရမ်းခြင်းနှင့်ပတ်သက်၍အငှားချထားသူနှင့်အငှားချထားခြင်းခံရသူနှစ်ဦးနှစ်ဖက်စလုံးတို့သည် နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့်စည်းကမ်းသတ်မှတ်ချက်များကိုတိကျစွာလိုက်နာဆောင်ရွက်ရမည်။

၆။ ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက် (Shwe Chinthe International Holding Co.,Ltd)သည်၎င်း၏ခွင့်ပြုမိန့်အရ ပဂ် ဘောဂထုတ်လုပ်ရောင်းချမှုလုပ်ငန်း ဆောင်ရွက်ရာ၌ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုစသည်များ မဖြစ်ပေါ်စေရန်အတွက်လိုအပ်သည့်ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကိုစနစ်တကျထား၍ ဆောင်ရွက်ရမည်။

၇။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက်ပြည်တွင်းအလုပ်သမားများခန့်ထားရာတွင်အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

၈။ အဆိုပြုလုပ်ငန်းဝင်ဆောင်ရွက်သည့်နေ့ရက်ကို၎င်း ကော်မရှင်သို့အမြန်ဆုံးအစီရင်ခံရမည်။

၉။ ဤခွင့်ပြုမိန့်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်းစတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အမိန့်အရ -

(ဗိုလ်မှူးချုပ် မောင်မောင်)
အတွင်းရေးမှူး
[ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်ရုံး]

စာအမှတ်၊ ၇က-၁/မ-၀၇၉/၉၆ (၁၃၉၈)။
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်။

ဖြန့်ဝေခြင်း -

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး ။
၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး ။
၃။ အစိုးရအဖွဲ့ရုံး ။
၄။ ဒုတိယဝန်ကြီးချုပ်ရုံး ။
၅။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။
၆။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။
၇။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၈။ သစ်တောရေးရာဝန်ကြီးဌာန။
၉။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။
၁၀။ အလုပ်သမားဝန်ကြီးဌာန။
၁၁။ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။
၁၂။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

၁၃။ ဥက္ကဋ္ဌ၊ နိုင်ငံခြား မကြည် ငွေရင်း တန်ဖိုး သတ်မှတ်ရေး အဖွဲ့ဝင်။
(ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်း အင်းနှင့်ဝင် ဒသား ရေး
ဦးစီး ဌာန)။

၁၄။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီး ဌာန။

၁၅။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီး ဌာန။

၁၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း ။

၁၇။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။

၁၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း ။

၁၉။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန။

၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန။

၂၁။ ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်း
ရှင်များ အသင်း ။

၂၂။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။

၂၃။ မန်နေဂျင်းဒါရိုက်တာ၊ ရွှေခြ သို့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက်။

အမိန့်အရ-

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

မိတ္တူ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၉၆

ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်။

(၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

၁။ မြန်မာ့ကုမ္ပဏီဖြစ်သည့် ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက် (Shwe Chinthe International Holding Co., Ltd.) မှ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မြေကွက်အမှတ် ၂၄၀ မှ ၂၅၅ အထိ မြေတိုင်းရပ်ကွက်အမှတ်၊ ၅၃၂ (ဘီ) ရှိ မြေ (၁.၂၀) ဧကကို နှစ် (၂၀) ငှားရမ်း၍ စက်ရုံတည်ဆောက်ပြီး ပရိဘောဂများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၂၉-၁၁-၉၆) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၉၆) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့်သဘောတူညီခဲ့ပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၄-၁၂-၉၆) နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၄၀/၉၆) ကြိမ်မြောက်အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်ရုံးမှ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း (၅)၊ ပုဒ်မ ၁၀ အရ ရာဝင်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက် (Shwe Chinthe International Holding Co.,Ltd.) အား ပရိဘောဂများထုတ်လုပ်ရောင်းချမှုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၀၅၂/၉၆ ကို ထုတ်ပေးလိုက်သည်။

၂။ ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက် (Shwe Chin-the International Holding Co.,Ltd) အနေဖြင့် ၎င်းခွင့်ပြုမိန့်အရ ပရိဘောဂများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း (၇)၊ ပုဒ်မ ၁၂ အရ ကုန်ထုတ်လုပ်မှုလုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃) နှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် ဥပဒေ

ပုဒ်မ – ၁၃ ပါပြဋ္ဌာန်းချက်များ နှင့်အညီ အောက်ဖော်ပြပါအခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ကိုခံစားခွင့်ပြုရန်အမိန့်ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃ (က) အရလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သောနိုင်ငံခြားငွေပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်သက်သာခွင့်ခံစားနိုင်ရန်အတွက်ကနဦး ရင်းနှီးမြှုပ်နှံမှုကာလအတွင်း နိုင်ငံခြားငွေဖြင့်ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျှောက်လုပ်ငန်းက ကောင်အထည် ဖော်မှုအခြေအနေအပေါ် မူတည်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃ (ခ) အရလုပ်ငန်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့်အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိကာလ အကန့်အသတ်ဖြင့်ဝင်ငွေခွန်သက်သာခွင့်ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက်လုပ်ငန်း၏အမှန်တကယ်အကောင်အထည် ဖော်နိုင်မှုအခြေအနေကို ဖော်ပြလျက်၍ ကော်မရှင်သို့တင်ပြ လျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃ (ဂ) အရထုတ်လုပ်မှုလုပ်ငန်း ကြောင့်သတ်မှတ်သည့်နှုန်း အထိပြည်တွင်း၊ ပြည်ပဝင်ငွေတိုး တက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီဝင်ငွေခွန်သက်သာခွင့်ခံစား နိုင်ရန် အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံး ပြီး သည့်အခါလုပ်ငန်းအ ကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေကို ဖော်ပြလျှက်၍ ကော်မရှင်သို့တင်ပြ လျှောက်ထား ရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃ (စ) အရလုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ပြန်လည် ရင်းနှီး မြှုပ်နှံလျှင်ထိုအမြတ်ငွေ အပေါ်တွင်ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်ခံစားနိုင်ရန်အတွက်ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလကုန်ဆုံး ပြီး၍အမှန်တကယ်ပြန်လည်ရင်းနှီး မြှုပ်နှံမှုပြုသည့်အခါလုပ်ငန်း အမှန်တကယ်အကောင်အထည်ဖော် နိုင်မှုအခြေအနေကို ဖော်ပြလျက် ကော်မရှင်သို့တင်ပြ လျှောက်ထား ရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဆ) အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်နှုန်း အတိုင်း နှစ်တိုင်း နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နုတ်ပယ်ခွင့်နှင့် ဝပ်လျဉ်း၍ ယင်း တန်ဖိုးလျော့နှုန်းထားများကို ကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃(ဇ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလ အတွင်း ပြည်တွင်း၌ မရရှိနိုင်သည့်အာမှန်တကယ်လိုအပ်၍ ပြည်ပမှ တင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့်အခြား ပြည်တွင်း အခွန်အကောက်များ နှစ်မျိုးလုံးကို ကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃(ဈ) အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလ ကုန်ဆုံး၍ ပထမ (၃) နှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့်အခြား ပြည်တွင်းအခွန်အကောက်များကို ကင်းလွတ်ခွင့် ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဇ) အရ ပြည်ပမှ တင်သွင်းသည့် စက်ပစ္စည်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import) ဥပမာ - ပြည်ပတင်ပို့မှုမှဝင်ငွေ၊ ပြည်ပချေးငွေ (Loan and Credits) ကုန်ပစ္စည်းပြန်လည်ဝယ်ယူသည့်စနစ် (Buy-back System) စသည်တို့ကို ဖော်ပြရန်၊

(ခ) တင်သွင်းမည့်ပစ္စည်း အမျိုးအစား၊ အရည်အသွေး စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် ဝပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေးကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်းအထောက်အထား (Inspection Certificate) ဖြင့်တင်သွင်းမည့်ပစ္စည်းအမျိုးအစားစာရင်း (Invoice and Packing List) များကိုနိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ငယ်သို့တင်ပြ၍ ထောက်ခံချက်ရယူရန်။

၄။ အဆိုပြုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ပုလဲမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂)ဘီ၊ မြေကွက်အမှတ် ၂၄၀ မှ ၂၅၅ အထိ မြေဧရိယာ ၁.၂၀ ဧကကိုပိုင်ဆိုင်သူ ဒေါ်ခင်ရီ၊ ဗိုလ်ကြီးတိုးဆက်၊ ဗိုလ်ကြီးမိုးဆက်၊ ဦးမြို့ဆက်တို့နှင့်အငှားချထားခြင်းခံရသူ ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက် (Shwe Chinthe International Holding Co., Ltd.) တို့ချုပ်ဆိုသည့် မြေငှားရမ်းခြင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးသည့်အခါယင်းသဘောတူစာချုပ်မိတ္တူ(၅) စောင်စီကို ကော်မရှင်သို့ တင်ပြရမည်။

၅။ ထိုသို့ မြေငှားရမ်းခြင်းနှင့်ပတ်သက်၍အငှားချထားသူနှင့်အငှားချထားခြင်း ခံရသူနှစ်ဦးနှစ်ဖက်စလုံးတို့သည် နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့်စည်းကမ်းသတ်မှတ်ချက်များကိုတိကျစွာလိုက်နာ ဆောင်ရွက်ရမည်။

၆။ ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက် (Shwe Chinthe International Holding Co.,Ltd) သည်၎င်း၏ခွင့်ပြုမိန့်အရ ပရိဘောဂထုတ်လုပ်ရောင်းချမှုလုပ်ငန်း ဆောင်ရွက်ရာ၌ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုစသည်များ မဖြစ်ပေါ်စေရန်အတွက်လိုအပ်သည့်ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ထိန်းသိမ်းကာကွယ်ရေး အစီအမံများ ကိုစနစ်တကျထား၍ ဆောင်ရွက်ရမည်။

၇။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက်ပြည်တွင်းအလုပ်သမားများခန့်ထားရာတွင်အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့်ညှိနှိုင်း ဆောင်ရွက်ရမည်။

၈။ အဆိုပြုလုပ်ငန်း စတင်ဆောင်ရွက်သည့်နေ့ရက်ကို၎င်း ကော်မရှင်သို့အမြန်ဆုံး အစီရင်ခံရမည်။

၉။ ဤခွင့်ပြုမိန့်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်းဝင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အမိန့်အရ -

(ဗိုလ်မှူးချုပ် မောင်မောင်)
အတွင်းရေးမှူး
[ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်ရုံး]

ဝဘအမှတ်၊ ၇၈-၁/မ-၀၇၉/၉၆ (၁၃၉၈)။
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်။

ဖြန့်ဝေခြင်း -

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး ။
၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး ။
၃။ အစိုးရအဖွဲ့ရုံး ။
၄။ ဒုတိယဝန်ကြီးချုပ်ရုံး ။
၅။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။
၆။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။
၇။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၈။ သစ်တောရေးရာဝန်ကြီးဌာန။
၉။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။
၁၀။ အလုပ်သမားဝန်ကြီးဌာန။
၁၁။ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။
၁၂။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

၁၃။ ဥက္ကဋ္ဌ၊ နိုင်ငံခြား မတည် ငွေရင်း တန်ဖိုး သတ်မှတ် ရေး အဖွဲ့ငယ်။
(ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်း အင်းနှင့်စစ် ဆေး ရေး
ဦး စီး ဌာန)။

၁၄။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦး စီး ဌာန။

၁၅။ ညွှန်ကြားရေး မှူးချုပ်၊ ပြည်တွင်း အခွန်များ ဦး စီး ဌာန။

၁၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း ။

၁၇။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။

၁၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း ။

၁၉။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန။

၂၀။ ညွှန်ကြားရေး မှူးချုပ်၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန။

၂၁။ ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်း
ရှင်များ အသင်း ။

၂၂။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။

၂၃။ မန်နေဂျင်းဒါရိုက်တာ၊ ရွှေမြသော့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက်။

အမိန့်အရ-

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

ပ၁*၁၂/၁၂/၉၆။